မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 18 , 2025 Volume 87, Number 11

၁၈.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၇.၉၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၈၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၀.၁၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၅.၉၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ဆောင်းမြေပဲသီးနှံ တစ်ဧက ၄၆ တင်းထွက်ရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မြေပဲသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ဆောင်းမြေပဲစိုက်ပျိုးမှုအနေဖြင့် စိုက်ဧက ၁၁၅၇ ဧက စိုက်ပျိုးထားရှိရာ စဉ့်ကိုင်မြို့နယ်၌ ၅၆ ဧက စိုက်ပျိုးထားရှိကြောင်း ဆောင်းမြေပဲသီးနှံများကို ဖေဖော်ဝါရီလပထမပတ်မှစတင်၍ တူးဖော်လျက်ရှိပြီး စဉ့်ကိုင်မြို့နယ်၌ ၃၅ ဧက တူးဖော်ပြီးဖြစ်ကြောင်း သိရသည်။

ဆောင်းမြေပဲသီးနှံကိုစက်တင်ဘာလနှင့်အောက်တိုဘာလတို့တွင်စိုက်ပျိုးကြပြီးဖေဖော်ဝါရီလနှင့်မတ်လတို့တွင် တူးဖော်ကြကြောင်း၊ စိုက်ပျိုးရာတွင် ပင်ထောင်မြေပဲမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့်စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၅၃၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ၄၆ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများနှင့်ဒေသတွင်းဆီစက်လုပ်ငန်းရှင်များက ကျေးရွာများသို့ လာရောက်ဝယ်ယူ၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည့်အပြင် တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိပွဲရုံများသို့တိုက်ရိုက်တင်ပို့ရောင်းချကြပြီးပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

မြေပဲစိုက်ပျိုးခြင်းသည် စားသုံးဆီဖူလုံသည့်အပြင် ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ပဲတီစိမ်း(ဆောင်း) သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီးသီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံများကို ကျောက်ဆည်မြို့နယ်တွင် ဧက ၂၄၈၀၊ မြစ်သားမြို့နယ်တွင် ဧက ၁၂၉၀ စုစုပေါင်း စိုက်ဧက ၃၇၇၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆောင်းပဲတီစိမ်းသီးနှံများကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြ၍ မတ်လနှင့်ဧပြီလများတွင် ထွက်ပေါ်ကြောင်း၊ ကျောက်စိမ်းမျိုးနှင့်ရေဆင်း-၁၁ မျိုးများကိုအများဆုံးစိုက်ပျိုးကြပြီး မျိုး၊သွင်းအားစု၊လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ယခင်နှစ်ကတစ်ဧကလျှင် ၁၁-၁၂ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့်မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ယခုအချိန်တွင်ပဲတီစိမ်းသီးနှံစိုက်ခင်းများမှာအသီးအပွင့်များဝေဝေဆာဆာဖြင့်အောင်မြင်ဖြစ်ထွန်းလျက်ရှိရာသီးနှံထွက်ပေါ်ချိန်တွင်အထွက်နှုန်းနှင့်ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲတီစိမ်းစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**Source: ကြေးမုံသတင်းစာ**

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ပဲယဉ်းများစတင်ထွက်ပေါ်၍ ဈေးကောင်းရရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် သီးနှံမျိုးစုံစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ စပါး၊ ပဲ၊ ပြောင်းသီးနှံမျိုးစုံအပြင် ပဲယဉ်းသီးနှံကိုလည်း စိုက်ပျိုးကြပြီး စိုက်ဧကစုစုပေါင်း ၅၁၈ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ပဲယဉ်းသီးနှံကို အောက်တိုဘာလဆန်းတွင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလဒုတိယပတ်မှစတင်၍ ထွက်ရှိကြောင်း၊ပဲယဉ်းကြီးမျိုးနှင့်ပဲယဉ်းသေးမျိုးများကို အများဆုံးစိုက်ပျိုကြပြီး ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ပဲယဉ်းတစ်ဧကလျှင် ငွေကျပ် ၂၀၀,၀၀၀ ခန့်ကုန်ကျပြီး ၂၀-၂၅တင်းခန့်ထွက်ရှိကြောင်း၊ဈေးကွက်အနေဖြင့်တောင်သူများက ကျောက်ဆည်မြစ်သားမြို့ရှိပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိပြီးပွဲရုံများမှတစ်ဆင့် မန္တလေး၊ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကာ သီးနှံပေါ်စအချိန်တွင် ဈေးနှုန်းကောင်းမွန်လျက်ရှိသောကြောင့် ယခင်နှစ်ထက်အကျိုးအမြတ်ပိုမိုရရှိကြောင်း ပဲယဉ်းစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ကန့်ဘလူမြို့နယ်၌ ကျောက်ဖရုံသီးပင်များစိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နတ်ပေးကျေးရွာတွင် ကျောက်ဖရုံပင်များစိုက်ပျိုးရောင်းချပြီး မိသားစုဝင်ငွေများရရှိလျက်ရှိကြောင်း၊ ကျောက်ဖရုံပင်စိုက်ပျိုးရာတွင် စင်တင်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ မြေလွတ်စိုက်ပျိုးခြင်းများရှိပြီး စင်တင်စနစ်ဖြင့် အများဆုံးစိုက်ပျိုးကြောင်း ကျောက်ဖရုံပင်စိုက်ပျိုးသူတစ်ဦးကပြောပြသည်။

ကျောက်ဖရုံပင်သည် မျိုးစေ့ချပြီး ၄ လခန့်အကြာတွင် စတင်၍ခူးဆွတ်နိုင်ကြောင်း၊ ကျောက်ဖရုံပင်ကို စင်တင်စိုက်ပျိုးခြင်းဖြင့် တစ်နှစ်ပတ်လုံး ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ ကျောက်ဖရုံသီးသည် တာရှည်အထားခံသည့်အပြင် ဆေးအသုံးဝင်သည့်အတွက် အိမ်များတွင်ဆောင်ထားလေ့ ရှိကြောင်း၊ အပင်အမျိုးအစားနှင့် ပြုစုခြင်းပေါ်မူတည်၍ အသီးထွက်နှုန်းကွာခြားလေ့ရှိကြောင်း၊ ကျောက်ဖရုံတစ်စင်ကိုခူးဆွတ်ရာတွင်တစ်ကြိမ်လျှင် အလုံး ၃၀-၄၀ ခန့်ခူးဆွတ်ရကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူမြို့နယ်မှထွက်ရှိသောကျောက်ဖရုံသီးများကိုကန့်ဘလူမြို့မဈေးတွင်ရောင်းချလျက်ရှိရာအလုံးကြီးတစ်လုံးလျှင် ၆၀၀၀ ကျပ်၊ အလုံးသေးတစ်လုံးလျှင် ၅၀၀၀ကျပ်ဖြင့် ရောင်းချရသည့်အတွက် မိသားစုဝင်ငွေရရှိကာအဆင်ပြေလျက်ရှိကြောင်း သီးနှံစိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးထံက သိရသည်။

**Source : DOCA(စစ်ကိုင်း)**

https://www.doca.gov.mm/

## ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးစိမ်းအလုံးရေ ၈၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးစိမ်းအလုံးရေ ၈၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ကွမ်းသီးစိမ်းအလုံးရေ ၅၈၀,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ်ဇန်နဝါရီလ ၁ရက်နေ့မှ ၃၁ ရက်နေ့ထိ ကွမ်းသီးစိမ်းအလုံးရေ ၈၅၀,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကွမ်းသီးစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

“ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်သို့ ပို့ကုန်အများအပြား တင်ပို့နေရခြင်းဖြစ်ပါတယ်။ တင်ပို့တဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့ လိုအပ်အလို သန့်ရှင်းဖို့လဲလိုပါတယ်။ လက်ရှိကွမ်းသီးစိမ်းတွေ အများအပြားတင်ပို့ရောင်းချမှုကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေအဆင်ပြေနေပါတယ်” ဟု ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်က ထွက်ရှိသည့် ကွမ်းသီးစိမ်းများကိုကုန်သည်များက ကွမ်းသီးခြံများ အရောက်သွားရောက်ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းရန်ကုန်မြို့မှတစ်ဆင့်အခြားဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဇန်နဝါရီလတွင် လျှပ်စစ်မော်တော်ယာဉ် အစီးရေ ၁၀,၀၀၀ ကျော်ရောင်းချခဲ့သည့် VinFast




ဗီယက်နမ်ကားထုတ်လုပ်သူဖြစ်သည့် VinFast သည် ဇန်နဝါရီလတွင်ပြည်တွင်း၌ လျှပ်စစ်မော်တော်ယာဉ်အစီးရေ ၁၀,၀၀၀ကျော်ရောင်းချခဲ့ရပြီး VF3 နှင့် VF5 တို့သည် ရောင်းအား အကောင်းဆုံးမော်ဒယ်များဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်ကအဟုန်ကိုအခြေခံ၍ ကုမ္ပဏီသည် နှစ်သစ်ကို စံချိန်တင်ကိန်းဂဏန်းဖြင့် စတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

VF3 သည် အစီးရေ ၄၀၀၀ ကျော်ဖြင့် ရောင်းချရမှုတွင်ဦးဆောင်ခဲ့ပြီးၣင်းတို့နောက်တွင် VF5 ကအစီးရေ ၃၃၀၀ ဖြင့် ရပ်တည်နေကြောင်း၊လက်ကျန်ရောင်းချရမှုများတွင် အခြားမော်ဒယ်များဖြစ်သည့် VFe34၊ VF6၊ VF7၊ VF8နှင့် VF9 တို့ပါဝင်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ၏ လက်ကျန်ကာလတွင်လည်း VinFast သည် ကားအမျိုးအစားသစ်များ မိတ်ဆက်ရန်စီစဉ်ထားကြောင်း၊ ၎င်းတို့တွင် ထိုင်ခုံ ၇ ခုံပါဝင်သည့် ဘက်စုံသုံးမော်တော်ယာဉ်နှင့် စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်များစွာပါဝင်ကြောင်း ၊ ၂၀၂၄ နှစ်ကုန်တွင် VinFast သည် ပြည်တွင်း၌ အစီးရေ ၈၇,၀၀၀ ရောင်းချခဲ့ပြီး ဗီယက်နမ်၏ရောင်းအားအကောင်းဆုံးမော်တော်ကားထုတ်လုပ်သူအဖြစ်ရပ်တည်ခဲ့ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာအနေဖြင့်ကုမ္ပဏီသည် ၎င်းတို့၏တည်ရှိမှုကိုဆက်လက်တိုးချဲ့လျက်ရှိပြီးအမေရိကန် ၊ဥရောပ၊အိန္ဒိယ၊အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အရှေ့အလယ်ပိုင်းအစရှိသည့် အဓိကဈေးကွက်များတွင် ကားအမှတ်တံဆိပ်သစ်များချပြလျက်ရှိကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ကမ္ဘောဒီးယားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့မှုမြှင့်တင်ရန် အဆင်သင့်ဖြစ်နေ



ဖိလစ်ပိုင်နိုင်ငံ၌ စားနပ်ရိက္ခာထောက်ပံ့ရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရချိန်တွင် မနီလာ၏စားနပ်ရိက္ခာဖူလုံမှုကိုပံ့ပိုးပေးရန်အတွက် ဆန်နှင့်အခြားလယ်ယာထွက်ကုန်များတိုးမြှင့်တင်ပို့ရန် အဆင်သင့်ပြင်ဆင်ထားကြောင်းကမ္ဘောဒီးယားနိုင်ငံ၀န်ကြီးချုပ် Hun Manet နှင့်ဖိလစ်ပိုင်သမ္မတ Ferdinand Marcos တို့ ၁၁-၂-၂၀၂၅ ရက်နေ့ ကတွေ့ဆုံစဉ် အာမခံခဲ့သည်။

နှစ်နိုင်ငံအကြားနားလည်မှုစာချွန်လွှာ (MoUs)လက်မှတ်ရေးထိုးပြီးနောက်Hun Manet ကစိုက်ပျိုးရေးကဏ္ဍတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာစေရန် ကမ္ဘောဒီးယား နိုင်ငံ၏ ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ဆန်နှင့်အခြားမရှိမဖြစ်လိုအပ်သော စားနပ်ရိက္ခာထုတ်ကုန်များထောက်ပံ့ရန် အသင့်ရှိနေကြောင်း ၀န်ကြီးချုပ်ကအလေးပေးပြောကြားခဲ့သည်။

Ferdinand Marcosက ကမ္ဘောဒီးယားနိုင်ငံသည် ဖိလစ်ပိုင်၏စားနပ်ရိက္ခာဖူလုံရေးကြိုးပမ်းမှုတွင် အဓိကနေရာမှပါဝင်နေပြီး အသစ်ချုပ်ဆိုထားသောစိုက်ပျိုးရေးနှင့်လယ်ယာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ဆန်ထုတ်လုပ်သည့်နိုင်ငံဖြစ်သော်လည်းပြည်တွင်းဝယ်လိုအားပြည့်မီရန် တင်သွင်းမှုအပေါ်ဆက်လက်မှီခို နေရဆဲဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ဆန်တင်သွင်းမှုတန်ချိန် ၄ ဒသမ ၅ သန်းကျော်ရှိ

ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့ရောင်းချသည့် နိုင်ငံများအနက်မှ တစ်ခုဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၅ သန်းကျော်တင်သွင်းခဲ့ကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအသင်း၏အဆိုအရ သိရသည်။

ဗီယက်နမ်စားနပ်ရိက္ခာအသင်း၏ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ်တွင်ဆန်တင်သွင်းမှုစုစုပေါင်းတန်ချိန် ၄ ဒသမ ၅၂ သန်းရှိပြီး စပါးတန်ချိန် ၃ ဒသမ ၈ သန်းနှင့် ကျန်ဆန်အမျိုးအစားများပါဝင်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနှင့် အိန္ဒိယတို့သည် ဗီယက်နမ်၏ အဓိကဆန်တင်သွင်းသည့် ရင်းမြစ်များဖြစ်ပြီး စုစုပေါင်းတန်ချိန် ၃ ဒသမ၃ သန်းကို ပံ့ပိုးပေးခဲ့ကြောင်း၊ကမ္ဘောဒီးယားနိုင်ငံသည် ဆန်တန်ချိန် ၂ ဒသမ ၇၃ သန်း တင်သွင်းခဲ့ပြီး စုစုပေါင်း တင်သွင်းမှု၏ ၈၂ ဒသမ ၅၄ ရာခိုင်နှုန်းရှိ ကြောင်းနှင့် အိန္ဒိယနိုင်ငံသည် ဆန်တန်ချိန် ၅၇၆,၀၀၀ တင်သွင်းခဲ့ပြီး ၁ ဒသမ ၇၄ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။ဗီယက်နမ်နိုင်ငံ၏အခြားဆန်တင်သွင်းသည့်ရင်းမြစ်များမှာလာအိုမြန်မာ၊ထိုင်းတို့ဖြစ်ကြောင်းဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ စပါးများကို Long An နှင့် Dong Thap ပြည်နယ်များရှိ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အဓိကတင်သွင်းခဲ့ပြီး ပြန်လည်တင်ပို့ရန်အတွက် အဓိက အသုံးပြုသည့် စပါးမျိုးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ အရည်အသွေးနိမ့်ဆန်များကို ခေါက်ဆွဲထုတ်လုပ်ရန်၊ စက်မှုဇုန်ရှိ အလုပ်သမားများ စားသုံးရန်နှင့် တိရစ္ဆာန်အစာအတွက် အသုံးပြုရန်ဖြစ်ကြောင်း သိရသည်။

ဆန်တင်သွင်းမှုပမာဏမြင့်မားနေသော်လည်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် စံချိန်တင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ဆန်တန်ချိန် ၉ ဒသမ ၀၃ သန်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇ ဘီလီယံနီးပါး တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ပမာဏအားဖြင့် ၁၁ ဒသမ ၁ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၁ ဒသမ ၁၈ ရာခိုင်နှုန်းတိုးမြင့်ခဲ့ကြောင်း ဖော်ပြထားသည်။

ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၇ ဒသမ ၁၉ ရှိပြီး ၂၀၂၃ ခုနှစ် ထက် ၁၃ ဒသမ၄၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။


၎င်းသည် ၁၉၈၉ ခုနှစ်တွင် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ပြီးနောက် ဗီယက်နမ်၏ဆန်လုပ်ငန်းမှ စံချိန်တင်အမြင့်ဆုံးပို့ကုန်ပမာဏဖြစ်ကြောင်း၊၂၀၂၄ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသို့ ဆန်တင်ပို့သည့်ထိပ်တန်းဈေးကွက်လေးခုမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဂါနာတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source: The Saigon Times**

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဟနွိုင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (18.2.2025)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data


As of 18th Feb. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,698 (Shares) | 11,443,150 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,400 | 7,500 | 7,300 | 397 | 2,933,100 | 33,109,694 | 248,323 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 1,870 | 5,522,550 | 38,929,150 | 116,788 |
| MCB | 00003 | 7,900 | -100 | -1.25% | 7,900 | 7,900 | 7,900 | 9 | 71,100 | 10,400,986 | 82,168 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,850 | 110 | 203,500 | 29,664,613 | 54,880 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,000 | 1,625,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 120 | 475,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,150 | 192 | 612,900 | 23,804,946 | 76,176 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 18th Feb. 2025

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.75 | +1.27 | +0.35% | 364.23 | 366.75 | 361.30 | 3,698 | 11,443,150 | 8 | 691,757 |

Index chart

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Feb, 2025

| Trading Volume | Trading Value |
|---|---|
| 3,713 (Shares) | 11,488,150 (MMK) |

### Main Board

As of 1:00 pm, 18th Feb, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,698 (Shares) | 11,443,150 (MMK) |

| MYANPIX | 366.75 ▲ 1.27 |
|---|---|
| Total Volume (shares) | 3,698 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 691,757 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |

TIR